သရက်ကုန်းကျေးရွာ

သာယာဝတီမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သရက်ကုန်းကျေးရွာ၊ သာယာဝတီမြို့နယ်
(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက
ကူညီရေးဆွဲသည်) ၂၀၂၀ ခုနှစ်၊

မာတိကာ

စဉ်	အကြောင်းအရာ	၃
	စကားချီး	
	သရက်ကုန်းကျေးရွာ သယံဇာတပြမြေပုံ ၊ သာယာဝတီမြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၆
	(က) သီးနှံစိုက်ပျိုးရေး	၆
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	
၈။	**ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**	
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၅
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၆
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၁
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၁၈
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၀
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၂

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀၂၀ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦး ဆုံးသော လူအများပါဝင်ရေးဆွဲထား သည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ် ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့ (၁)ဖွဲ့ကို မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုး ရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့ ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကို လည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း (၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီ အစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါ သည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
သရက်ကုန်းကျေးရွာ
သာယာဝတီမြို့နယ်


သမြေကုန်း အုပ်စု၊ သဂုက်ကုန်း ကျေးရွာ.
ကုန်းကြီးကျောင်း
ရွာလယ်လမ်း
စာသင်
ကျောင်း
ရွာလမ်း
ရွာလမ်း
အိမ်မြေ - ၅၅.





ကုသိုလ်ဖွဲ့ပုံပြုပုံနှိုင်းချက်

ကျော်ဘွား - သရဏတ္ထပ်ကောင်

အကြောင်း / အကျ / ရေယာ	ဒုဿီလပါရိ	ဝေယျာဝစ္စပါရိ	ပတ္တ	အပ္ပမြို	ဇေ	ဒုဂ္ဂ	ဒုဂ္ဂဝိဇ်	အောက္ကတ်	စက်ဆုပ်ဖွယ်ဘာ	ရောဂါဘာ	ဒို၀ဒဘာ	ဒိဋ္ဌဘာ
ကာဒီဥတု												
အကျင့်အကြိုင်	ကောင်း / မကောင်း	ဟာခိုက် ဆေးဖြုံး	ဟာခိုက် ဆေးဖြုံး	ဟာခိုက် ဆေးဖြုံး	ကဲ့နှက်	ပေါ်ခြင်	ဖြေလျော့ ဖြုံး	ပေါ်ခြင် သမ်	ပေါ်ခြင်	ပေါ်ခြင်	ပေါ်ခြင် ပဲခိုက်	ဝဲအော ဖြုံး
ဖြစ်သောဥတု ထွ	သင့်	သင့်	သင့်	သင့်	များ	များ	နိုးသည်	နိုးသည်	သင့်	သင့်	သင့်	များ
အသုံးအရိတ်	များ	များ	များ	များ	များ	များ	များ	များ	များ	များ	များ	များ
ဝဋ်ဖြစ်ကာလ ဂုဏ်												
သောကသုံး ရေကြီးမှု												
ကိုယ်ကျင့်တရား ကျင့်ကြံမှု	မကြီ	မကြီ	မကြီ	မကြီ	မကြီ	မကြီ	မကြီ	မကြီ	မကြီ	မကြီ	မကြီ	မကြီ
မှီဝဲတော်	ဘုရင်မြတ် အလှူပစ္စည်းများ	ဘုရင်မြတ် အသုံးပစ္စည်းများ	သင်္ကန်းဖို	-	-	-	ဝါဆိုသင်္ကန်း	-	-	မီးလောင်ခြင်း ပို့ဆောင်ခြင်း	ကဆိန်စွန့် မီးလောင်ခြင်း	ဘုရား ဖိုဝဲတော်များ
သောကဝ ကြေးကွဲခြင်း	-	-	-	-	-	-	-	-	-	-	-	-

၁။ တည်နေရာနှင့် ပထဝီအနေအထား

ကျေးရွာသည် သာယာဝတီမြို့အရှေ့ဘက် ရန်ကုန်ပြည်ကားလမ်းဘေး၏ အရှေ့ဘက်တွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ သာယာဝတီမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသ တွင် တည်ရှိပြီးအဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ ဖြစ်ကြ သည်။ ကျေးရွာ တည်ရှိရာသည် မြေနိမ့်ပိုင်းတွင် တည်ရှိပြီး ဆားငန်ရေ ဝင်ရောက်မှုမှ ကင်းလွတ်သည်။ ကျေးရွာ အနီးတွင် မြစ်၊ ချောင်း၊အင်းအိုင်များရှိ၍ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်သည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ တောင်သူအချို့မှာ ဆည်ရေဖြင့် လယ်မြေဧက (၁၁၃) ကျော် ကို ရေသွင်းစိုက်ပျိုးနိုင်သည်။ မြေအောက်ရေကို အသုံးပြုမှုများသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧကမှာ (၁၁၃) ဧကရှိပြီး စပါးနှင့်မတ်ပဲကို အဓိကစိုက်ပျိုးကြသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ ၈၀မှ ၁၀၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုသည်။၂၀၁၅ခု သြဂုတ် လ သာယာဝတီမြို့ အနောက်ခြမ်းရှိ အနိမ့်ပိုင်းမှ ကျေးရွာအချို့တွင် ရေကြီးလွှမ်းမိုးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံး မှုများခံခဲ့ရသောကြောင့် ဤကျေးရွာမှာ မြေနိမ့်ပိုင်းဖြစ်သည့်အတွက် ရေကြီး လွှမ်းမိုးမှုဒဏ်များခံခဲ့ရသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများနှင့်လူမှုရေး(၁) ဖွဲ့ ရှိပါသည်။ နာရေးကူညီမှုအသင်းမှာ နာရေးကိစ္စအပါ အဝင်လူမှုရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လူပ်ရှားဆောင်ရွက်မှု အားကောင်းသည်။ မြန်မာ့အသေးစား ငွေကြေးအဖွဲ့ကို ပြင်ပမှဖွဲ့စည်းပေးထားပြီး အသေးစားငွေစုငွေချေး လုပ်ငန်းကို လည်ပတ်ဆောင်ရွက်လျက် ရှိသည်။ ကျေးရွာရှိအဆိုပါ အဖွဲ့အစည်းများမှ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း များ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် စပါးနှင့် မတ်ပဲကို အဓိကထား စိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၁၀၉) ဧကကို စိုက်ပျိုးကြသည်။ မိုးစပါး ပျမ်းမျအထွက်မှာ (၈၀) တင်းနှုန်းတို့ ထွက်ရှိကြသည်။ သုံးဆယ်ရေလှောင်တမံမှ ရေ သွင်း စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှလည်းတောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။ တောင်သူအများစုသည်လယ်ယာ လုပ်ငန်းခွင် အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြတာ ကုန်ကျစရိတ်မြင့်မားရသည်။ တချို့ တောင်သူများမှ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျ စရိတ် မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကို သုံးကြသည် ။ တောင်သူများသည် တခါ တရံတွင် မိုးရွာသွန်းမှု မညီမျှမှု ရင်ဆိုင်ရတတ်သည်။ မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကို ပိုမို တွေ့ရပြီး ယင် ၊ ဖျက်ပိုးများသည် ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများ အနေဖြင့် ထိရောက်သော ဖျက်ပိုး

နှိမ်နင်းရေး နည်းစနစ်ကို လိုလားနေကြသည်။ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏ ၂၂% ဝန်းကျင်သာ ရှိပြီး ဒေသမှ ဝက်မျိုးများကို မွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုလည်း တစ်ရွာလုံး၏ ၂၅% ခန့်ရှိပြီး ဈေးကွက် တွင် ဝယ်လိုအားရှိသည်။ ရာသီအလိုက် ဖြစ်ပွားး တတ်သော တိရစ္ဆာန် ရောဂါများ အထူးသဖြင့် ကြက်လည်လိမ် ရောဂါသည် အဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများ ရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ် မွေးကုဉီးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှု ကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်း ပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင် ၊ တိုးချဲ့ဆောင်ရွက်ရန်ချေးငွေကို အလွယ်တကူ မရရှိနိုင်ကြချေ။ ရွာထဲမှငွေချေးသူများထံမှ ချေးငှား လျှင်လည်း အတိုးနှုန်းမှာ မြင့်မား တတ်သည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေများ ကျေးရွာ၏ အလားအလာ ကောင်းတစ်ရပ် ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှု ပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့ စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းများ ဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်း ပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျ ကြပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်း ထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊ စက်ပြင် စသော သင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

(ခ) မွေးမြူရေးလုပ်ငန်းကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏ ၂၂% ဝန်းကျင်သာ ရှိပြီးဒေသမှ ဝက်မျိုးများကို မွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုလည်း တစ်ရွာလုံး၏ ၂၅% ခန့်ရှိပြီး ဈေးကွက်တွင် ဝယ်လိုအားရှိသည်။ ရာသီအလိုက် ဖြစ်ပွားတတ်သော တိရစ္ဆာန် ရောဂါများ အထူးသဖြင့် ကြက်လည် လိမ်ရောဂါသည် အဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများ ရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ် မွေးကုဉီးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်၊ တိုးချဲ့ဆောင်ရွက်ရန်ချေးငွေကို အလွယ်တကူ မရရှိနိုင်ကြချေ။ ရွာထဲမှ ငွေချေးသူများထံမှ ချေးငှား လျှင်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ကျေးရွာတွင် မွေးမြူရန် ရေမြေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေး လုပ်ငန်းများ မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာနေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ် လက်စား အလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေများ ကျေးရွာ၏ အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သောလုပ်ငန်းများ ရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင် ၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းများ ဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျ ကြပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်း ထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊ စက်ပြင် စသော သင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ် သင်ကြား ကြသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ် အတိုးနှုန်း ၅ ကျပ်တိုး၊ တစ်ဧကတစ်သိန်းကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် မြန်မာ့ငွေရေးကြေးရေးအပြည်ပြည်ဆိုင်ရာကုမ္ပဏီမှလာရောက်ဖွဲ့စည်းပေးသော မြန်မာ့ငွေရေးကြေးရေးအဖွဲ့ ဖွဲ့စည်းထားပြီး အဖွဲ့ဝင်(၁၃၀)ဦးရှိကာ တစ်နှစ်အတိုးနှုန်း ၃၀%ဖြင့် အသင်းဝင်များ ငွေချေးယူနိုင်ကြသည်။ အဖွဲ့တွင်ချေးငွေကို (၁၀)လအထိချေးယူနိုင်ပြီး စည်းကမ်းပိုင်းတွင် တင်းကျပ်ထားသည်။ တစ်ချို့အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးစားသူများထံမှ တစ်နှစ်အတိုးနှုန်း ၃၆% မှ ၆၀%ဖြင့်လည်းကောင်း၊ မိတ်ဆွေ၊ မိသားစုဝင်များထံမှ တစ်နှစ်အတိုးနှုန်း ၁၅% ခန့်ဖြင့်လည်းကောင်း ချေးယူနိုင်ကြသေးသည်။ ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထားခြင်းမရှိသေးပါ။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့ အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင်း အကြွေးထားရှိမှုအနေအထားကို လေ့လာ ဆန်းစစ်ခဲ့ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ ၂၀,၀၀၀ ကျပ်မှ ဆယ်သိန်းအထိ ချေးယူထားကြောင်းတွေ့ရှိရသည်။ ထိုအိမ်ထောင်စုများ၏ ၉၇%သည် အကြွေးငွေငါးသိန်းအောက်ချေးယူထားပြီး၃%သည် ငါးသိန်းအထက်ချေးယူထားကြောင်းတွေ့ရှိခဲ့ပါသည်။

၅။ အခြေခံ အဆောက်အဦး-လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ရေလမ်းခရီးအသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၂၈)စီးနှင့် စက်ဘီး (၃၀) စီးနှင့်နွားလှည်း(၄)စီး တို့ကို အသုံးပြုလျက်ရှိကြသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာသည် သာယာဝတီမြို့၏ တွင်တည်ရှိသောကြောင့် လျှပ်စစ်မီးမရရှိပါ။

(၈) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီစွာ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ရွာသားများသည် သတင်းစာ၊ ဂျာနယ် တိုကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံး အတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော် အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

၆။ ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တက်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိသည်။ ကျေးရွာတွင် အခြေခံပညာရေးကို တက်ရောက်သင်ကြား နိုင်ကြသည်။ သို့သော် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

သောက်ရေအတွက် လက်နှိပ်ရေတုံကင်နှင့် မော်တာသုံး ရေတုံကင်များ တပ်ဆင်သုံးစွဲကြပြီး လုံလောက်မှု ရှိသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့် ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါးယင်လုံအိမ်သာ ဆောက်လုပ်သုံး စွဲကြသဖြင့် ရေကြောင့်ဆက်စပ် ဖြစ်ပွားသော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျဆောက် လုပ်ထားပြီး ကျောင်းသူ/သား များအတွက် အသုံးပြုရန် လွယ်ကူသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

သာယာဝတီမြို့နယ် အနောက်ခြမ်းတွင် ၂၀၁၅ မိုးတွင်းက ရေကြီးရေလွှမ်းမှု ဖြစ်ပွားခဲ့သောကြောင့် ဤကျေး ရွာသည် မြေနိမ့်အပိုင်းတွင် တည်ရှိ၍ ရေကြီးရေလွှမ်းခြင်းများဖြစ်ခဲ့သည်။ မြစ်ကမ်းဘေးနားဒေသ ဖြစ်ခြင်းကြောင့် လည်း မုန်တိုင်းဘေးအန္တရာယ်တို့ အနည်းငယ်ရှိပါသည်။ အားပျော့သောမုန်တိုင်း ဝင်ရောက်မှုများ တခါတရံ ကြုံ တွေ့ရတတ်သည်။ အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝ အန္တရာယ် တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။မိုးရာသီတွင် ငှက်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ တိရစ္ဆာန် ရောဂါများသည် ရာသီ ကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊လျှာနာရောဂါနှင့် ကြက်၊ဝက် တုပ်ကွေးရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

၉။ ကျား-မ ရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား - မ ရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား - မရေးရာ ဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှု အဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ် ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြားပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းနေ သော်လည်း အလယ်တန်းနှင့် အထက်တန်းများတွင် မအရေအတွက်မှာ ကျားအရေအတွက်ထက် ပိုမိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေတွက် လုပ်အားခ ငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အား သဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် မူအမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျား-မ တန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား - မ တန်းတူညီမျှမှု ၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမို အထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

			ကျေးရွာအမည် - သရက်ကုန်း	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့် လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အခြားအထောက်အကူပြု ကော်မတီများ စနစ်တကျဖွဲ့စည်းခြင်း။	
၂	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့် ထုတ်လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစည်ခြင်း။	
၅	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာသင်တန်း/ ဟောပြောပွဲများစီစဉ်ဆောင်ရွက်ခြင်း။	
၆	စိုက်ပျိုးရေး	ဈေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေးအမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။	
၇	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်းဖိုးမြှင့်ထုတ်ကုန် ဈေးကွက်သို့ တက်လှမ်းခြင်း။	
၈	မွေးမြူရေးနှင့်ငါးလုပ်ငန်း/ မွေးမြူရေးဆေးပညာ	တိရစ္ဆာန်မွေးမြူရေး	မြို့နယ် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍စီးပွားဖြစ်မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၉	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား-အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	
၁၀	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့်မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်)	
၁၁	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား-အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှိဖွေခြင်း။	
၁၂	ငွေကြေး	အသေးစား	အသေးစား/အလတ်စားဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့်လိုအပ်ချက်များပြင်ဆင်ခြင်း။	

၁၃	ငွေကြေး	အသေးစား	အသက်မွေးဝမ်းကျောင်းလုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။	
၁၄	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ ၊ သင်ထောက်ကူ	နှစ်ခန်းတွဲအိမ်သာ (၁)လုံး တည်ဆောက်ခြင်း ၊ အိမ်သာအဟောင်းများ ပြုပြင်ခြင်း။	
၁၅	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းသုံးပရိဘောဂများ လုံလောက်စွာ ဖြည့်တင်းခြင်း။	
၁၆	ပညာရေး	ကျောင်းအဆောက်အဦ၊ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းခြံစည်းရိုး (၃၂၂')အား အုတ်တံတိုင်း+ကွန်ကရစ်တိုင်နှင့် ချိန်းလိပ်သံဇကာဖြင့် ကာရန်ခြင်း။	
၁၇	ပညာရေး	ကျောင်းအဆောက်အဦ၊ပရိဘောဂ၊ သင်ထောက်ကူ	အားကစားကွင်း ပြင်ဆင်ခြင်းနှင့် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။	
၁၈	ပညာရေး	ကျောင်းအဆောက်အဦ၊ပရိဘောဂ၊ သင်ထောက်ကူ	နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်း။	
၁၉	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။	
၂၀	ကျန်းမာရေး	သားဖွားဆရာမ၊ ကျေးလက်ကျန်းမာရေးမှူးစသည်	ကျန်းမာရေးလုပ်သားများ မွေးထုတ်ပေးခြင်း။	
၂၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	တာကောင်းကျိုး-၂ လမ်း(၈၀၀'×၁၂'×၆')ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	ဆောင်ရွက်ပြီး
၂၂	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ရေကာတာလမ်း(၁၇၀၀'×၁၂'×၆')ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	
၂၃	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ရွာလယ်လမ်း အပိုင်း-၂ (၄၀၀'×၁၂'×၆')ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	
၂၄	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ရွာပတ်လမ်း (၂၄၂၈'×၁၂'×၆') ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	
၂၅	အခြေခံအဆောက်အဦ	သောက်သုံးရေ	သောက်သုံးရေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးများအတွက် ရေပိုက်များပြန်လည်ပြင်ဆင်ရန် ၂"ပိုက်လုံး	

			(၅၀၀)လုံးလိုအပ်ခြင်း။	
၂၆	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	လမ်းနံဘေးတစ်လျောက် ရေနုတ်မြောင်းများ (၃၈၅၂') အားတူးဖော်ခြင်း။	
၂၇	လျှပ်စစ်	မိသားစုသုံးဆိုလာ	ကျေးလက်ဦးစီးဌာန၏ ဆိုလာဖြန့်ဖြူးမှု အစီအစဉ်နှင့် ချိတ်ဆက်တင်ပြခြင်း။	
၂၈	လျှပ်စစ်	မဟာဓာတ်အားလိုင်း	လျှပ်စစ်မီးရရှိရန်သက်ဆိုင်ရာ ဦးစီးဌာန/ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ခြင်း။	
၂၉	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ရပ်ရွာဖွံ့ဖြိုးရေးများတွင် အသိပညာ၊ အတတ်ပညာများ ရရှိနိုင်ရေး ဖွံ့ဖြိုးရေးလူငယ်အဖွဲ့တစ်ခု ဖွဲ့စည်းလုပ်ဆောင်ခြင်း။	
၃၀	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ကျေးရွာပိုင် ဗဟုသုတ လေ့လာရေး စင်တာတစ်ခု တည်ထောင်ခြင်း။	
၃၁	လူငယ်နှင့်အားကစား	အားကစား	အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။	
၃၂	လူငယ်နှင့်အားကစား	အမျိုးသမီး	အမျိုးသမီးများအား တရားဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများစီစဉ်ခြင်း။	
၃၃	သယံဇာတနှင့် သဘာဝဝန်းကျင်	သဘာဝဘေးလျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။	



....သပြေကုန်း.... ကျေးရွာအုပ်စု၊ ..သရက်ကုန်း... ကျေးရွာ ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ်တွင် အောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦး ကျော်ကျော်	ဦး အုန်းဟောင်	၀၅၂၀၅၂	၃၆	ဥက္ကဋ္ဌ	၀၉-၇၈၀၃၅၇၆၁၁	ဘကြီး
၂	ဦး ဒွန်းမိုင်	ဦး သောင်းခိန်	၀၁၃၅၇၀	၅၇	အတွင်းရေးမှူး - ၁	၀၉-၆၈၂၃၇၈၃၃၅	ဘကြီး
၃	ဒေါ်သန္တာဦး	ဦး ကျော်ဝင်း	၂၅၃၇၂၄၆	၃၇	အတွင်းရေးမှူး - ၂	၀၉-၇၉၂၂၀၃၀၁၂	Vibe
၄	ဦး ကျင်ဟောင်	ဦး ဖြန်းသန့်	၀၅၂၂၅၂	၆၈	ဘဏ္ဍာရေးမှူး - ၁	၀၉-၇၈၁၇၀၅၇၉၇၆၆	
၅	မော်ရှိန်ဝင်း	ဦး ဘသိန်းဝင်း	၁၁၂၁၄၅၈	၄၃	ဘဏ္ဍာရေးမှူး - ၂	၀၉-	
၆	မော်ဒွန်းဝင်း	ဦး အုန်းမောင်	၇၊၀၀၀ကရိုဝ်းသာလျှက်	၄၉	စာရင်းကိုင်	၀၉-၇၈၃၅၆၀၂၁	၁၀ကန်း
၇	ဦး အောင်မော်ဦး	ဦး ကျော်ဝင်း	၀၀၅၂၅၅၀	၄၉	အဖွဲ့ဝင်	၀၉-၇၈၉၄၂၆၇၂၈	သစ်ကုန်း
၈	ဦး ကျော်ကွင်ဦး	ဦး ဆွေမှတ်	၀၆၂၂၅၃	၅၁	အဖွဲ့ဝင်	၀၉-၇၈၉၃၅၄၈၇၅	ဘကြီး
၉	မော်ရိုရိုကို	ဦး မင်ဝင်း	၁၂၃၁၇၀	၄၉	အဖွဲ့ဝင်	၀၉-၄၅၅၀၀၀၆၅၁၈	
၁၀					အဖွဲ့ဝင်		
					အဖွဲ့ဝင်		

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်(Project)	ဦးစားပေး အဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	ပို့ဆောင်ရေးအခြေခံအဆောက်အဦးများတိုးတက်လာစေရေး	၁	Â	Â			
၂	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး	၂	Â	Â	Â	ÂÂ	
၃	ဆိုလာမီးရရှိရေး ချိတ်ဆက် ဆောင်ရွက်ရေး	၃	Â				
၄	သင့်တင့်သော အတိုးနှုန်းဖြင့်ကာလ ရှည်ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး	၄	Â	Â			
၅	ကျေးရွာ၏ ပညာတတ်မြောက်မှု တိုးတက်ရေး	၅	Â	Â	Â		
၆	ကျေးရွာ၏ သောက်သုံးရေကိစ္စ အဆင်ပြေစေရေး	၆			Â		
၇	လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး	၇	Â	Â			
၈	စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတ၊ကျွမ်းကျင်မှုများတိုးတက်ရေး	၈	Â	Â	Â	ÂÂ	
၉	အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး	၉	Â	Â			
၁၀	အလုပ်အကိုင် အခွင့်အလမ်းများပြားလာစေရေး	၁၀	Â	Â	Â	ÂÂ	
၁၁	မွေးမြူရေးလုပ်ငန်းဆိုင်ရာ တိုးတက်ရေး	၁၁	Â	Â	Â		

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

အောက်ပါဇယားတွင်ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက် နိုင်ရန် အသေးစိတ် ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် တချို့ စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများအစည်းများ နှင့် ဝန်ဆောင်မှု ပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစု ရေးဆွဲရေး အကူအညီများ ရရှိရန် လည်းလိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ- လုပ်အား၊သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊ အချိန် စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	ပို့ဆောင်ရေးအခြေခံအဆောက်အဦးများ တိုးတက်လာစေရေး					
၂	ကျေးရွာ၏ ကျန်းမာရေးဏ္ဍာ တိုးတက်လာစေရေး					
၃	ဆိုလာမီးရရှိရေး ချိတ်ဆက်ဆောင်ရွက်ရေး။					
၄	သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့်ချိတ်ဆက်ရေး					
၅	ကျေးရွာ၏ ပညာတတ်မြောက်မှု တိုးတက်ရေး					
၆	ကျေးရွာ၏ သောက်သုံးရေ ကိစ္စ အဆင်ပြေစေရေး					
၇	လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ပေးရေး					
၈	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ၊ကျွမ်းကျင်မှုများတိုးတက်ရေး					
၉	အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး					
၁၀	အလုပ်အကိုင် အခွင့် အလမ်းများပြား လာစေရေး					

၁၂	မွေးမြူရေးလုပ်ငန်းဆိုင်ရာ တိုးတက်ရေး					

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုကျေးရွာလူထုက ဦးဆောင် အကောင်အထည် ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ရောက်ရှိ ရေးမှာကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုး ရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက် နိုင်ရန်ဦးဆောင် ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည် အသွေး ကောင်းမွန် တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်းအဆင့်မြှင့် ခြင်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူ ဆောင်ရွက် ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြား မှုအရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြု လမ်းအဆင့်မြှင့် တင်ရန် မြို့နယ် ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှု ဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင် ရွက် ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်း များအတွက်ကန်ထရိုက်များစိုက်ပျိုးရေး၊မွေးမြူရေးစသည့်သင်တန်းများအတွက်နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာ ဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး

အဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်းများ၊လူထုအဖွဲ့အစည်းများ)ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ် မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသောအဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ် သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုး တွင် ကျေးရွာဖွံ့ဖြိုးဖရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့ အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်း လုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ကို ဆောင် ရွက်မည်။ ထို့အပြင် တံတားအပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ် ခြင်း ကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ အဖွဲ့ခွဲအား တာဝန်အပ်နှင်း ဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်း ကော်မတီ၊ စာသင်ကျောင်းပြုပြင် ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင် ရွက်ပါမည်။

၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေ အနေအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ် သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင် အထည် ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့် အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင် စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ် ၊လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်း ဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာ တိုးတက်မှုတို့ကို ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို သုံးလပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည် ။ ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုး ရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက် နေသောအဖွဲ့ အစည်းသည် ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည် ။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများ ဖြစ်ပါသည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲ အသီးသီးသည် ၎င်းတို့ ၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံ တင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင် ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်အလက်များအပေါ် ဦး တည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှုစီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှု အတိုင်းအတာအကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊ပြုပြင် ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံ ကိန်း များ

(၂) ငွေကြေးဆိုင်ရာ တိုးတက်မှုငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်း ပြီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊

(၃) လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများ၊ ပြဿနာများ၊ ငွေကြေး စုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ ၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင် ပြီး သက်ဆိုင်ရာ ကျေးရွာ အုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂-၃ မျက်နှာ ခန့်ပါဝင်၍ အောက်ပါအချက်အလက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက် အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင် ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ် များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ပါဝင်ပါသည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး ရေးဆွဲခြင်း အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးတွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ် ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့် အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး နှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊ သတင်း မီဒီယာများ ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။ နှစ်ပတ်လည် သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံ ပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြုပြင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ်အစကနဦးကာလတွင် ယခုကဲ့သို့အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည် ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေးအကျိုးဆောင်များ ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်း

…….. ကျေးရွာ၊ …….. ကျေးရွာအုပ်စု၊ ……မြို့နယ်

စဉ်	အကြောင်းအရာ	ရက်စွဲ		လုပ်ဆောင်မည့်သူ
		မှ	ထိ	
၁	ရပ်မိ/ရပ်ဖ၊ရာအိမ်မှူးနှင့်အတူ ကိန်းဂဏန်း၊ သတင်းအချက်အလက်ကောက်ယူမည့်သူများ ရွေးချယ်ခြင်း(စာရင်းကောက်ယူရေးအဖွဲ့ဖွဲ့စည်းခြင်း)			ရပ်မိ/ရပ်ဖ၊ရာအိမ်မှူး၊ ဖွံ့ဖြိုးရေးအကျိုးဆောင် နှစ်ဦးနှင့်အတူ
၂	စာရင်းကောက်ယူရေးအဖွဲ့အား တစ်အိမ်ထောင်စု အလိုက် အချက်အလက်ကောက်ယူနည်းများအား ရှင်းလင်းပြသခြင်း			ဖွံ့ဖြိုးရေးအကျိုးဆောင် နှစ်ဦး
၃	ကျေးရွာအဆင့် အချက်အလက် ကောက်ယူခြင်း			ဖွံ့ဖြိုးရေးအကျိုးဆောင်
	ကျေးရွာသယံဇာတပြန်လည်ပုံရေးဆွဲခြင်း			
	ဓနဥစ္စာဓနအဆင့် သတ်မှတ်ခြင်း			
	ဦးတည်အုပ်စုများဖွဲ့၍ ဆွေးနွေးခြင်း			
၄	တစ်အိမ်ထောင်စုအလိုက်အချက်အလက်ကောက်ယူခြင်း			စာရင်းကောက်ယူရေးအဖွဲ့နှင့် ဖွံ့ဖြိုးရေးအကျိုးဆောင်နှစ်ဦး
၅	ဝမ်းစာဖူလုံမှုနှင့် အကြွေးတင်ရှိမှု စစ်တမ်းကောက် ယူခြင်း			
၆	ကျေးရွာသူ/သားများနှင့်အတူ ဆွေးနွေးဆုံးဖြတ်ခြင်း လုပ်ငန်းစဉ်များ ပြုလုပ်ခြင်း			
	ဓနဥစ္စာဓနအဆင့်သတ်မှတ်မှုကိုအတည်ပြုခြင်း			ရပ်မိ/ရပ်ဖ၊ရာအိမ်မှူး၊ ဖွံ့ဖြိုးရေးအကျိုးဆောင် နှစ်ဦးနှင့်အတူ
	ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကို ဦးစားပေးအဆင့် သတ်မှတ်ခြင်း			
	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ ဖွဲ့စည်းခြင်း			
၇	ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်များ ဖြည့်သွင်းခြင်း			ဖွံ့ဖြိုးရေးအကျိုးဆောင် နှစ်ဦး
၈	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယား၊ မြေပုံ၊ ဦးစားပေးစီမံချက်၊ ဖွံ့ဖြိုးရေးကွင်းဆက်၊ ကျေးရွာ ဖွံ့ဖြိုး ရေးအဖွဲ့ အဖွဲ့ဝင်စာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝမ်းစာ ဖူလုံမှုစစ်တမ်း စသည်တို့အား မြို့နယ် ကျေး/လက် ဦးစီးဌာနသို့ ပေးပို့ခြင်း နှင့် အကြံပြုချက် ရယူခြင်း			ဖွံ့ဖြိုးရေးအကျိုးဆောင် နှစ်ဦးနှင့် ကျေး/လက် ဝန်ထမ်း
၉	ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း ရေးသားခြင်း			အကျိုးဆောင်နှစ်ဦး+ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ ဝင်များ နှင့် ကျေးရွာဖွံ့ဖြိုး ရေးကို စိတ်ပဝင်စား သူများ

ကျေး/လက်ဦးစီးဝန်ထမ်း အမည် - ဖုန်း -

ဖွံ့ဖြိုးရေး အကျိုးဆောင် အမည် - ဖုန်း -

နောက်ဆက်တွဲ (၁)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း ၏ %
၁ နှစ်အောက်	နို့စို့အရွယ်	၂	၄	၆	
၁ နှစ်မှ ၅နှစ် အောက်	၅နှစ်အောက်ကလေးငယ်	၆	၅	၁၁	
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၄	၆	၁၀	
၉ နှစ်အထက်မှ ၁၅ နှစ် အထိ	အလယ်တန်းကျောင်းသားအ ရွယ်	၁၃	၁၀	၂၃	
၁၅ နှစ်အထက်မှ ၆၀နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၆၂	၈၂	၁၄၄	
၆၀ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၉	၁၀	၁၉	
စုစုပေါင်း လူဦးရေ- ၂၁၃		၉၆	၁၁၇	၂၁၃	
စုစုပေါင်း အိမ်ထောင်စု - ၄၈		တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ -			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အိမ်ခြေနှင့် လူဦးရေ အချက်အလက်များမှာ အထက်ပါအတိုင်းဖြစ်ပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၁	စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)					
	ကိုယ်ပိုင် လုပ်ငန်း	၃၈		၃၈		
	အလုပ်သမား၊ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၂	တိရစ္ဆာန် မွေးမြူရေး					
	ကိုယ်ပိုင် လုပ်ငန်း	၆				
	အလုပ်သမား၊ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၃	ငါးဖမ်း လုပ်ငန်း					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၅	ထုတ်ကုန်လုပ်ငန်း					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၆	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၇	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၈	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၀	လက်လီ-လက်ကား ရောင်းဝယ်ရေး					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၁	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၂	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၃	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၄	အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၅	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၆	ပညာရေး					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၇	ကျန်းမာရေး					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ကျပန်း၊ ရာသီအလိုက် အလုပ်သမား					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၁၈	လူမှုရေး လုပ်ငန်းများ					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၉	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၂၀	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ(ဥပမာ - UN, INGOs, Companies, etc.,)					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
	စုစုပေါင်း					

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပါသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၅၀၀၀	၃၅၀၀	၄၅၀၀	၃၀၀၀	
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၄၀၀၀	၃၀၀၀	၃၅၀၀	၂၅၀၀	
၃	ငါးလုပ်ငန်း - ရေချို/ရေငန်ငါးဖမ်းခြင်း၊	နေ့စား					

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
	ငါးပိ၊ ငါးခြောက်လုပ်ငန်း						
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား					
၆	ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း	နေ့စား					
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ် သုံးပစ္စည်း များ ပြင်ဆင် ရေး	နေ့စား					
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၂၅၀၀	၁၅၀၀	၂၅၀၀	၁၅၀၀	
၉	ကျွမ်းကျင်ပညာရှင် များ (ဆံပင်၊ အလှပြင်၊ အပ် ချုပ်၊ အင်ဂျင်နီ ယာ၊ သင် တန်းပေးသူ စသည်)	နေ့စား					
၁၀	ဟိုတယ်နှင့် စား သောက် ဆိုင်လုပ်ငန်း	နေ့စား					

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ လုပ်အားခနှုန်းထားမှာ လယ်ယာလုပ်ငန်းအတွက် ကျားအများဆုံးရရှိငွေမှာ (၅၀၀၀)ကျပ်နှင့် မ(၃၅၀၀)ကျပ်ရရှိပါသည်။ အနည်းဆုံးရရှိငွေမှာ ကျား(၃၅၀၀)ကျပ်နှင့် မ(၃၀၀၀)ကျပ်ရရှိပါသည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၁၁၃	သင့်		
ယာမြေ /တောင်ယာ	၁၃	ညံ့		
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း				
နှစ်ရှည်သီးနှံစိုက်ခင်း				
ရွှေပြောင်းတောင်ယာ မြေ				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				

ရင်းမြစ် (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။ မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်မြေဧကပေါင်း (၁၁၃)ဧကရှိပြီး တောင်ယာ (၁၃)ဧကရှိပါသည်။ လယ်မြေ၏ မြေဆီလွှာမှာ အသင့်လောက်သာရှိပြီး တောင်ယာမြေ၏ မြေဆီလွှာမှာ ညံ့သော အဆင့်တွင် ရှိပါသည်။ ဆည်ရေများမရရှိပါ။

(၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ကာဗွန် (ဓာတ်ငွေ့/ရေနံ)		
အခြား ရင်းမြစ်များ		
အခြားသဘာဝ ရင်းမြစ်		

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	မရှိ	လက်လှမ်းမမီ
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ	လွယ်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝမျိုးစိတ်များမရှိသောကြောင့် လက်လှမ်းမှီမှုလည်းမရှိပါ။ သဘာဝအပင်မျိုးစိတ်များအနေဖြင့် မြက်ပင်များ၊ (ဥပမာ)နွားစာများကို များပြားစွာတွေ့ရှိရပါသည်။

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း(သို့)မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်	ညံ့	အလွန်ညံ့
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု	အသင့်အတင့်			
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား(ဖင်ငွေ) အလွန်ကောင်း	စီးပွား(ဖင်ငွေ) အသင့်အတင့်	စီးပွား(ဖင်ငွေ) နည်း	စီးပွား(ဖင်ငွေ) အလွန်နည်း
အခြားပိုင်ဆိုင်မှု	အခြား	အခြား	အခြား	အခြား
အိမ်ထောင်စု - ၄၈	၁၀	၆	၃၃	၁

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ဥစ္စာဓနပိုင်ဆိုင်မှုမှာ အထက်ပါအတိုင်းဖြစ်ပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု%	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၁		ချေးယူ/အထောက်အပံ့ယူ
၃ လနှင့် ၆ လ အောက်	၁၃		ချေးယူ/အထောက်အပံ့ယူ
၆လ မှ ၁၂ လ အထိ			လျော့စား/ချေးယူ

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင်စု (၆၉%)ရှိပြီး အလွန်ဆင်းရဲသော အိမ်ထောင်စု(၂%)ရှိပါသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက်	၉	၁၀	၁၉
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်	၁	၁	၂
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၇		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင် စု	၇		
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၅		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ကျား(၉)ဦးနှင့် မ(၁၀)ဦးရှိပြီး၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စုမှာ (၇)ဦး၊ ဆင်းရဲ၍ မုဆိုးဖို/တစ်ခုလပ်ဦးဆောင်သောအိမ်ထောင်စု(၇)စုနှင့် အခြားဒေသသို့ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု (၅)စုရှိပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်	
၂	သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ)	မြင့်	
၃	ရေကြီးခြင်း	လတ်	
၄	မိုးခေါင်ခြင်း	လတ်	
၅	အအေးလွန်ကဲခြင်း	လတ်	
၆	မုန်တိုင်း	မြင့်	
၇	ငလျင်	မြင့်	
၈	မီးဘေး	မြင့်	
၉	ဆားငန်ရေဝင်မြေ	မြင့်	
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	လတ်	
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်	
၁၂	ငှက်ဖျားရောဂါ	လတ်	
၁၃	တီဘီရောဂါ	လတ်	
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	လတ်	
၁၅	ပြည်တွင်း ပဋိပက္ခ		
၁၆	တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု		
၁၇	လူကုန်ကူးခြင်း		
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
	စသည်		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ထိခိုက်သက်ရောက်လွယ်မှု အခြေအနေမှာ နည်းပါးပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	နိမ့်	
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	လတ်	
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်	
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	နိမ့်	
၅	မြစ်ကမ်းဘေး နေထိုင်သူများ	နိမ့်	
၆	မတော်တဆမှုဖြစ်နိုင်ခြေများ သောနေရာ (Prone to accident) တွင် နေထိုင်သူများ	နိမ့်	
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	နိမ့်	
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	နိမ့်	
၉	ငါးကန်ပိုင်ရှင်	နိမ့်	
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	လတ်	
၁၁	လူနည်းစုလူမျိုးများ	နိမ့်	

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ	နိမ့်	
